UMG LGL Dept.

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း

REVENUE STAMP

၄၀၀ ကျပ် ငွေလေးရာကျပ် K 400

## "နှစ်ဖက်သဘောတူ စက်အပိုပစ္စည်းများ အရောင်းအဝယ်ကတိစာချုပ်"

၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ( ၆ )ရက်နေ့တွင် အောက်ဖော်ပြပါ ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက် တို့သည် ဤ "နှစ်ဖက်သဘောတူ စက်အပိုပစ္စည်းများ အရောင်းအဝယ်ကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုကြသည်မှာ -

ပစ္စည်းဝယ်ယူသူ ။ ။ Win Motor Co., Ltd. (ကိုယ်စား)
(ပထမတစ်ဖက်) ဦးမောင်မောင် (၁၂/သကတ(နိုင်)၁၅၇၆၇၀)
အမှတ်(၅၈၉/၅၉၂)၊ ဗိုလ်အောင်ကျော်လမ်း၊
ရန်ကုန်-ပုသိမ်အဝေးပြေးလမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

နှင့်

ပစ္စည်းရောင်းချသူ။ ။ YYK YANCHOO Co., Ltd. (ကိုယ်စား)
(ဒုတိတစ်ဖက်) ဦးရန်ယုံခန်း(၁၃/လရန(နိုင်)၁၆၅၃၄၉)
အမှတ်(၁)၊ Block(၂၀)၊ နဝဒေးအိမ်ရာ၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၉-၄၀၃၇၂၅၄၅၈။

(အထက်အမည်ပါ ပစ္စည်းဝယ်ယူသူ(ပထမတစ်ဖက်) Win Motor Co., Ltd. နှင့် ပစ္စည်းရောင်းချသူ (ဒုတိယတစ်ဖက်) YYK YANCHOO Co., Ltd. ဟုဆိုရာတွင် ကုမ္ပဏီနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်။)

အထက်ပါ ပစ္စည်းဝယ်ယူသူ(ပထမတစ်ဖက်)သည် လယ်ယာသုံးစက်ကိရိယာများကို နိုင်ငံခြားမှ မှာယူ၍ မြန်မာနိုင်ငံအတွင်း လယ်ယာသုံးဦးကြီးများအတွက် ရောင်းချပေးလျက်ရှိသော ကုမ္ပဏီဖြစ်ပြီး၊ ဒုတိယတစ်ဖက်မှာ တရုတ်နိုင်ငံရှိ Zhenjiang Yijiang Machinery Co., Ltd. လက်အောက်ခံကုမ္ပဏီတစ်ခု ဖြစ်ပြီး၊ ပထမတစ်ဖက် လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လယ်ယာသုံးစက်ကိရိယာများ၏ စက်အပိုပစ္စည်း(၃)မျိုးကို မှာယူတင်သွင်းရောင်းချပေးမည်ဖြစ်ကြောင်း ဆက်သွယ်လာသည့်အတွက် ပထမတစ်ဖက်မှ (၁၇-၁၂-၂၀၂၂)ရက်နေ့စွဲပါ Purchase Order အရနှင့် ဒုတိတစ်ဖက် YYK YANCHOO Co., Ltd. သို့ (၄-၁-၂၀၂၃)ရက်နေ့စွဲပါ PROFORMA INVOICE အရ ဝယ်ယူရန် သဘောတူခဲ့သည်။ အထက်ဖော်ပြပါ သဘောတူညီချက်အရ ပထမတစ်ဖက်နှင့် ဒုတိယတစ်ဖက်တို့သည် ဤ"နှစ်ဖက်သဘောတူ စက်အပိုပစ္စည်းများ အရောင်းအဝယ်ကတိစာချုပ်"ကို ပြုလုပ်ချုပ်ဆိုကြပါသည်။

| Mark | Description of Goods (HARVESTER RUBBER TRACK) | Quantity (PCS) | Total Weight (KGS) | Unit Price | Amount (CIF Yangon) |
|---|---|---|---|---|---|
| N/M | WD500 x 90 x 51 | 45 | 6397 | US$385.00 | US$17,325.00 |
| | NYB500 x 90 x 51 | 20 | 2608 | US$385.00 | US$7,700.00 |
| | LKBJ500 x 90 x 53 | 30 | 4500 | US$400.00 | US$12,000.00 |
| TOTAL | | 95 | 13505 | | US$37,025.00 |

စာမျက်နှာ - ၂ - သို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR

အခွန်တံဆိပ်ခေါင်း
REVENUE STAMP

၁၀၀ကျပ် ငွေတစ်ရာကျပ် K 100



စာချုပ်ပါသဘောတူညီချက်အရ ဒုတိယတစ်ဖက်မှ ပထမတစ်ဖက်သို့ ရောင်းချပေးမည့် စပါးရိတ်သိမ်းခြွေလှေ့စက်အပိုပစ္စည်း(၃)မျိုးကို USD-37025 ဖြင့် ရောင်းဝယ်ကြရန် သဘောတူကြသဖြင့် စာချုပ်ချုပ်ဆိုသည့် (၂၅-၁-၂၀၂၃)ရက်နေ့တွင် စက်အပိုပစ္စည်း(၃)မျိုးတန်ဖိုး၏ (၅၀%)ဖြစ်သော USD-18512.5 ကို ပေးချေခဲ့ရာ ဒုတိယတစ်ဖက်မှ လက်ခံရရှိကြောင်း ဝန်ခံကတိပြုပါသည်။

အဆိုပါအရောင်းအဝယ်ပြုသည့် စက်အပိုပစ္စည်း(၃)မျိုးအတွက် စာချုပ်ချုပ်ဆို၍ (၅၀%)လက်ခံသည့်နေ့မှ (၆)လအတွင်း ရောင်းချသည့်ပစ္စည်းများအား ပထမတစ်ဖက်ကုမ္ပဏီတည်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့သို့ ပစ္စည်းအရောက်ပေးပို့ရန်နှင့် ကျန်(၅၀%)အား အဆိုပါပစ္စည်းများ ရောက်ရှိသည့်နေ့ရက်တွင် ပေးချေရန် နှစ်ဖက်သဘောတူခဲ့ကြပါသည်။

အကယ်၍ မှာယူထားသော စက်အပိုပစ္စည်း(၃)မျိုးအား သတ်မှတ်ထားသည့် ( ၆.၂.၂၀၂၄ ) ရက်နေ့မှ ( ၆.၈.၂၀၂၄ )ရက်နေ့တွင် ဒုတိယတစ်ဖက်မှ ပထမတစ်ဖက် ကုမ္ပဏီတည်ရှိရာသို့ ပေးအပ်နိုင်ခြင်းမရှိပါက စာချုပ်ချုပ်ဆိုသည့်နေ့ရက်တွင် လက်ခံရယူထားသော စက်အပိုပစ္စည်း(၃)မျိုးတန်ဖိုး၏ (၅၀%) ဖြစ်သော USD-18512.5 ၏ (နှစ်ဆ)ကို ပြန်လည်ပေးချေရန် နှစ်ဖက်သဘောတူကြပါသည်။

အထက်ပါစကားရပ်များကို ပစ္စည်းဝယ်ယူသူ(ပထမတစ်ဖက်) Win Motor Co., Ltd. နှင့် ပစ္စည်းရောင်းချသူ(ဒုတိယတစ်ဖက်) YYK YANCHOO Co., Ltd. တို့သည် သေချာစွာ ဖတ်ရှုသိရှိ နားလည်သဘောပေါက်ကြပြီး၊ မိမိတို့၏ လွတ်လပ်သော ပင်ကိုယ်စိတ်ဆန္ဒများနှင့်အညီ အောက်ပါအသိသက်သေများတို့၏ ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုး ချုပ်ဆိုကြပါသည်။

| ပစ္စည်းဝယ်ယူသူ(ပထမတစ်ဖက်) | ပစ္စည်းရောင်းချသူ(ဒုတိယတစ်ဖက်) |
|---|---|
| Win Motor Co., Ltd. (ကိုယ်စား) | YYK YANCHOO Co., Ltd. (ကိုယ်စား) |
| ဦးမောင်မောင် (၁၂/သကတ(နိုင်)၁၅၇၆၇၀) | ဦးရန်ယုံခန်း(၁၃/လရန(နိုင်)၁၆၅၃၄၉) |

**<u>အသိသက်သေများ</u>**

| | |
|---|---|
| ၁။ လက်မှတ် ---------- | ၂။ လက်မှတ် ---------- |
| အမည် ကိုရဲကျော်သူ | အမည် ကိုဖြိုးကျော်ကျော် |
| မှတ်ပုံတင် ၉/ပမန(နိုင်)၁၇၉၀၃၃ | မှတ်ပုံတင် ၁၄/မမန(နိုင်)၂၃၀၀၇၀ |
| လိပ်စာ အမှတ်(၃၁)၊ဗိုလ်ကလေးမြိုင်(၃)လမ်း၊ လှိုင်မြို့နယ်၊ရန်ကုန် | လိပ်စာ အမှတ်(၁၁)၊Block(၂၀) ၉၀၆ဒေး...ဗိုလ်ဘား၊လှိုင်သာယာအရှေ့. ရန်ကုန် |